မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာသတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှလူသို့ ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလ မှစတင်၍ အာရှနိုင်ငံ (၁၅)နိုင်ငံနှင့် ကမ္ဘာ့အခြားနိုင်ငံ (၃၃)နိုင်ငံ၊ စုစုပေါင်း (၄၈)နိုင်ငံတွင် ပြန့်နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ခုနှစ် မတ်လကုန်အထိ လူပေါင်း(၁၈၆)ယောက်၌ ကူးစက်ဖြစ်ပွားမှုကြောင့် လူ (၁၀၅)ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း အတွင်း အချို့မြို့နယ်များ၌ ကြက်ငှက်တုပ်ကွေးရောဂါသံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ဖြစ်ပွားခဲ့ပါသည်။ ၂၀၀၆ခုနှစ် မတ်လ ပထမပတ်အတွင်း သံသယဖြစ်ကြက်ခြံများမှ ကြက်များ၏ရောဂါနမူနာပစ္စည်းများရယူ၍ ဓာတ်ခွဲခန်း စမ်းသပ်စစ်ဆေးမှုအရ အဆင့်ဆင့်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး **H5N1** စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မတ်လကုန်အထိ မွေးမြူရေးခြံ(၅၆)ခြံမှ ရောဂါနမူနာပေါင်း(၄၆၁)ခုကို စစ်ဆေးခဲ့ရာ ရောဂါနမူနာ(၃၀)ခု၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး **H5N1** ကိုစစ်ဆေးတွေ့ရှိခဲ့ပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံအလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်းအတွင်း ရွှေဘို၊ ခင်ဦး၊ ကန့်ဘလူ၊ ရေဦး၊ မုံရွာမြို့နယ်များနှင့် မန္တလေးတိုင်း အတွင်း ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ အောင်မြေသာစံ၊ အမရပူရနှင့် စဉ့်ကိုင်မြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ဖြစ်ပွားမှုရှိခဲ့ရာ ရောဂါဖြစ်ကြက်ခြံများကို သုတ်သင် ဖျက်ဆီးမြှုပ်နှံခြင်းနှင့် ၎င်းကြက်ခြံမှ (၁)ကီလိုမီတာ ပတ်လည်ရှိ ကြက်ခြံများကို ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှု အန္တရာယ်ကာကွယ်ရေး (Risk Prevention) အရ သုတ်သင် ဖျက်ဆီးခဲ့ရာတွင် ၂၀၀၆ခုနှစ်၊ ဧပြီလ(၂)ရက်နေ့အထိ ကြက်ခြံ (၃၀၈)ခြံ၊ ငုံးခြံ (၁၀၂)ခြံမှ ကြက်ကောင်ရေ (၂.၄)သိန်း၊ ငုံးကောင်ရေ (၂.၃)သိန်း၊ ကြက်ဥ (၀.၉)သိန်း၊ ငုံးဥ (၀.၆)သိန်းကို သုတ်သင်ဖျက်ဆီးမြှပ်နှံခြင်း၊ ကြက်ခြံများကိုပိုးသတ်ဆေးဖြန်းခြင်း ပြုလုပ်ခဲ့ပါသည်။ အဆိုပါမြို့နယ်များအတွင်းတားမြစ်ဇရိယာ၊ ထိန်းချုပ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲဈေးများ ယာယီပိတ်ခြင်းနှင့် ကြက်ဘဲငုံးမွေးမြူရေးခြံများရှိ ကြက်ဘဲငုံးများကို ရောဂါစူးစမ်းရှာဖွေစစ်ဆေးခြင်းများ စသည်တို့ကို ဒေသအာဏာပိုင်၏လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း

အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့်ပူးပေါင်းလျက်စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ အဆိုပါမြို့နယ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်နှံ့မှုအန္တရာယ်ကို စတင်ထိန်းချုပ်လာနိုင်ပြီဖြစ်ပါသည်။

၄။ ကြက်များတွင်ဖြစ်ပွားသောတုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။

(ခ) ကြက်များကုပ်၍အစာစားနှုန်းကျကာရေသောက်နှုန်းများ၍ဝမ်းသွားခြင်း။

(ဂ) အသက်ရှုခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။

(ဃ) ဦးခေါင်းနှင့်မျက်နှာဖောယောင်ခြင်း။

(င) အမောက်နှင့် ပါးပျဉ်းဖောယောင်လာခြင်း။

(စ) ခြေထောက်နှင့်ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပျောက်များပေါ်လာခြင်း။

(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ်သေဆုံးနိုင်ခြင်း။

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေးလိုက်နာ ဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟုသံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကိုကြားသိလျှင်ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနများသို့ချက်ချင်း အကြောင်းကြားရန်။

(ခ) ကြက်သေဆုံးမှုဖြစ်ပွားပါက ဖြန့်ဖြူးရောင်းချ စားသုံးခြင်း(လုံးဝ)မပြုလုပ်ရန်။

(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှုမရှိအောင်ထားရန်။

(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များတင်သွင်းမွေးမြူမှုမပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့်ဝက်အတူထားရှိမွေးမြူမှုမပြုရန်။

(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှုမပြုစေရန်။

(စ) မည်သူမဆိုကြက်ခြံအတွင်း ဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များဝတ်ဆင်ဝင်ရောက်ရန်။

(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပမှပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ပုံမှန်သန့်ရှင်းရန်။

(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲဈေးဒိုင်သို့သွားရောက်မှု မပြုရန်နှင့်သွားမိပါက အဝတ်အစားနှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံအတွင်းဝင်ရောက်ရန်။

၆။ လူသို့ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ ကူးစက်မှုမရှိရေး၊ အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲအသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ်စားသောက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးနှင့် ထိတွေ့ကိုင်တွယ်သူများ လက်ကိုဆပ်ပြာနှင့်စင်ကြယ်စွာဆေးကြောရန်။

၇။ တိရစ္ဆာန်ကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင်ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်းကူညီလိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန